

နိုးနိုးစာပေ

လုံးချင်းဝတ္ထုသစ်

# ရင်မြှတ်င်နိုး

## ကြယ်ကလေးရဲ့ရင်ခွင်ဆီ

ဝန်းဒိုသိန်းရွှေကြည်
2007

အချစ်ကို…

သိပ်ပြီးနူးညံ့တဲ့ ကဗျာတစ်ပုဒ်လို့ သတ်မှတ်ရင်

သေချာပါတယ်..

ကျွန်တော် ရေးဖွဲ့ခဲ့တဲ့ ကဗျာဟာ ကာရန်မဲ့ကဗျာတစ်ခုပဲ

ဖြစ်လိမ့်မယ်။

(နိုင်ထက်သန်)

အချစ်ကို

မွှေးရနံ့လေးတွေနဲ့ ထုံအီနေတဲ့ ပန်းလေးတစ်ပွင့်လို့

သတ်မှတ်ရင်…

ကျွန်မပိုင်ဆိုင်ခွင့်ရတဲ့ နူးညံ့တဲ့ ပန်းပွင့်လေးမှာ …

မွှေးရနံ့သင်းသင်းလေးနဲ့ အတူ မာယာဆိပ်ဆူးတွေ ပါလာ

ခဲ့တယ်လေ။

ခက်တာက

အဲဒီပန်းပွင့်းလေးကို လက်ထဲကနေ ပစ်မချရလောက်

အောင်ပဲ။

ကျွန်မ

မြတ်နိုးတွယ်တာနေမိတယ်။

(ရွှေဘဝင်)

# အခန်း (၁)

"အဲဒါ ရွှေဘဝင်ပဲ ထက်သန်"

"......"

"သူ သိပ်လှတယ်လို့ မခံစားမိဘူးလား ထက်သန်"

ပန်းနုရောင်အပွင့်ဖျော့ရေးရေးလေးကို ခန္ဓာကိုယ်လေးနှင့် လိုက်ဖက်အောင် ချပ်ချပ်ရပ်ရပ် တင်းတင်းရင်းရင်းလေးချုပ်ဝတ်ထားပြီး ခြေညှပ်ခွာဒေါက်မြင့် ပန်းရောင်လေး စီးထားသော နတ်မိမယ်လေးတစ်ပါးလို ကြွကြွရွရွလေး လှနေသော မိန်းကလေးဆီ နိုင်ထက်သန်၏ အကြည့်လေးတွေ ဆတ်ခနဲ ရောက်သွားရသည် ။

ဝင်းနှစ်နှစ်အသားအရေလေးတွေနှင့်အတူ သွယ်တန်းတန်းမျက်ခုံး၊ ကော့လွန်းကာ လက်ဖြာ နေသော မျက်ဝန်းပြာပြာ၊ နှာတံစင်းစင်းလေးနှင့် နှုတ်ခမ်းဖူးအိအိလေးကြောင့် သူမရဲ့ အလှကမြင်ရ သူအပေါင်းမျက်ဝန်းအကြည့် မလွှဲချင်စရာကောင်းလောက်အောင်ပင် ဖွဲ့ဆောင်မှုရှိလွန်းလှ၏။

မဟော်ဂနီရောင် ဆေးသားလေးဆိုးထားသော သူမရဲ့ ဆံနွယ်ဖြောင့်ဖြောင့်လေးက စကား လေးပြောလိုက်တိုင်း လွင့်ခနဲခါယမ်းသွားတတ်တာလေးက သူမရဲ့ အလှကိုပို၍ ပင် ကဗျာဆန်လွန်း နေစေသည် ။

"ထက်သန်"

"......"

"ဟေ့ကောင် ထက်သန်၊ မင်း အသက်မှ ရှိသေးရဲ့ လား"

ရယ်ကျဲကျဲမေးသံနှင့်အတူ သူ့နံဘေးတွင် ထိုင်နေသော သူငယ်ချင်း ကျော်သက်ကို နိုင်ထက် သန် အရေးမစိုက်နိုင်။

နံနက်ခင်းအလှနဲ့ အညီ ကျက်သရေမင်္ဂလာရှိလွန်းသော ရွှေဘဝင်ရဲ့ အလှတရားများ တွင် အံ့သြမှ င်သက်စွာ သူနစ်မျောသွားရသည် ။

လှပသောမျက်နှာ ဖူးဖူးအိအိလေးနှင့်အတူ ရွှေလည်တိုင်ကျော့ကျော့ ၊ ပခုံးပြေပြေလေးနှင့် ဆင်နှာမောင်းလိုသွယ်ဆင်းကျသွားသော လက်ကလေးတွေနှင့်မို့ မောက်သောရင်၊ ချပ်ရပ်သေးကျဉ်း သောခါး၊စွင့်ကားကားတင်ကလေး၊ ပေါင်တံရှည်သွယ်သွယ်စင်းစင်းလေးတွေကြောင့် ရွှေဘဝင်ဆို သော မိန်းမချောကို ငေးမောကြည့်ရင်း နိုင်ထက်သန်၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် စီးဆင်းလျက်ရှိ သော သွေးများ ပူနွေးရှိန်းမြနေရတော့သည် ။

"နိုင်ထက်သန်"

"........."

"ဟေ့ကောင် နိုင်ထက်သန်"

"ဟင် ဘာ ဘာလဲ ကျော်သက်"

"အောင်မလေးဗျာ ခေါ်လိုက်ရတာ၊ ငုတ်တုတ်ကြီးများ အသက်ပျောက်နေပြီလားလို့ တောင်ထင်ရတယ်ကွာ၊ နည်းနည်းပါးပါးလည်း ယောကျ်ားလေးဣန္ဒြေကို ထိန်းပါဦး၊မင်းရဲ့ မျက်လုံးကြီး တွေ ကျွတ်ထွက်ပြီး ရွှေဘဝင်ဆီ ပြေးကပ်တော့မယ်ကွ"

“ဟာကွာ”

“ဘာ ဟာကွာလဲ၊ မဟုတ်တာကျနေတာပဲ”

“အဟွန်း ဟွန်း”

“နိုင်ထက်သန်”

“ပြော”

“မင်း ရွှေဘဝင်ကို စိတ်ဝင်စားသွားပြီမဟုတ်လား”

“ဟင့်အင်း”

နိုင်ထက်သန်ခေါင်းလေးကို သွက်နေအောင်ခါယမ်းပြလိုက်မိသည် ။

“ညာမနေစမ်းပါနဲ့ ကွာ၊ မင်းမျက်လုံးကြီးက ဒီလောက်လက်ဖြာနေတာ ဘာဖြစ်လဲကွာ ဒါရှက်စရာမဟုတ်ပါဘူး၊စိတ်ဝင်စားရင် ဝင်စားတယ်ပေါ့”

“ငါဝန်မခံရဲတာ မဟုတ်ဘူး ကျော်သက်ရဲ့ ၊မင်းရဲ့ မေးခွန်းကမှားနေလို့ ခေါင်းမညိတ်တာ”

“ဘယ်လို”

နိုင်ထက်သန်ရဲ့ စကားကြောင့်ကျော်သက်မျက်မှောင်ကြီးကျုံ့တက်သွားရသည် ။ မျက်လုံးကြီးတွေ ကျွတ်ထွက်မတတ်ငမ်းကျောထနေတာကိုမြင်လို့ စိတ်ဝင်စားနေပြီမဟုတ်လားလို့ မေးလိုက်တဲ့ မေးခွန်းဟာမှားနေတယ်ဆိုတော့ သူ့စိတ်ထဲ အထူးအဆန်းလိုဖြစ်ကာ နိုင်ထက်သန်ကိုပို၍ ပင်စိတ် ဝင်စားသွားရသည် ။

“ငါ့မေးခွန်းကဘာမှားနေလို့ လဲကွ”

“မှားတာပေါ့ကွ ရွှေဘဝင်ကို မင်းစိတ်ဝင်စားနေသလားဆိုတဲ့ မေးခွ

န်းက သိပ်ကိုမှားနေတာပေါ့၊ တကယ်တော့ ရွှေဘဝင်ကိုငါကစိတ်ဝင်စားတာ မဟုတ်ဘူး ၊ချစ်တာကွ ၊သိပ်ပြီးချစ်မိသွား တာ၊မြင်မြင်ချင်းကိုချစ်မိသွားတာ ကျော်သက်ရဲ့ ”

“အမ်”

“ဟုတ်တယ် ကျော်သက်၊ ငါ ရွှေဘဝင်ကိုချစ်မိသွားပြီ”

“ဟာ ”

“ဒီသင်တန်းကို မရောက်ခင်တုန်းက မင်းလမ်းတစ်လျှောက်လုံး ရွှေဘဝင်အကြောင်းပြော လာတာ မှတ်မိတယ်မဟုတ်လား၊ အဲဒီအချိန်တုန်းက မင်းသိပ်ပိုတာပဲလို့ ငါထင်ခဲ့တယ်လေ၊ အခု တော့ ငါယုံသွားပြီ၊ မင်းပြောတာ လုံးဝမလွန်ဘူးကျော်သက်ရယ်”

“နိုင်ထက်သန် မင်း မင်း”

“ဘာလဲ အံ့သြသွားတာလား ကျော်သက်၊ဒါ အံ့သြစရာမှ မဟုတ်တာ မင်းလည်း ယောကျ်ား ပဲ ကျော်သက် ခံစားမိမှာ ပါ”

“နေ နေပါဦးကွာ၊ ခဏနေပါဦး၊ မင်းစကားတွေကိုကြားပြီး သွေးတောင်ပျက်ချင် လာပြီ”

“ဘာသွေးပျက်စရာလိုလို့ လဲ ကျော်သက်ရာ၊ မင်းလည်း ငါ့အကြောင်းကို အသိဆုံးပဲဟာငါ့ ဘဝမှာ မိန်းကလေးတစ်ယောက်ကို နှစ်မိနစ်ပြည့်အောင်တောင် စေ့စေ့ကြည့်တတ်တာ မဟုတ်ဘူး ၊ အခုတော့ အဲဒီ အမူအကျင့်တွေ ရွှေဘဝင်နဲ့ တွေ့မှ အားလုံးပျက်စီးကုန်ရပြီ၊ဒါဟာ သိပ်ကိုထူးခြား တဲ့ အချက်ပဲ၊ ငါလက်မခံလို့ ကိုမရခဲ့ဘူးကျော်သက်၊ သူ့မျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်နေရင်း ကနေ ငါ့မျက်ဝန်းအကြည့်တွေကို ငါမလွှဲဖယ်ချင်တော့လောက်အောင်ပဲ ဖြစ်နေခဲ့ရတယ်၊ ငါသိ လိုက်တာ

တစ်ချက်ကသူ့ကို မြင်လိုက်တဲ့ အချိန်ကစပြီး ချစ်မိသွားတယ်ဆိုတာပဲ ကျော်သက်၊ငါသူ့ ကိုသိပ်ချစ်တယ်”

“မဖြစ်ဘူး ထက်သန်”

“ဘာ”

“သူ့ကို လုံးဝချစ်လို့ မဖြစ်ဘူး”

“ဘာဖြစ်လို့ လဲ ကျော်သက်”

“ရွှေဘဝင်အကြောင်းကို မင်းထက်ငါကအသိဆုံးဖြစ်နေလို့ ပေါ့ ထက်သန်၊ မင်းသူ့ကိုစိတ် ဝင်စားချင်သလောက်ဝင်စား ဒါပေမဲ့ ရင်ထဲက နေ နင့်သည်းနေအောင်တော့မချစ်မိစေနဲ့ ထက်သန်”

“အထူးအဆန်းပါလား ကျော်သက်”

“ဟုတ်တယ် ထက်သန်၊ မင်းအပြင်ထုတ်ပြီးမချစ်ရဘူး၊ အဲဒီလိုချစ်မိလို့ ကတော့ မင်းခံစား ရပြီသာမှတ်တော့ ထက်သန် သူ့ဆီက တုံ့ပြန်လာမယ့်အချစ်ကို မင်းရမှာ မဟုတ်ဘူး ”

“ဘာ ဘာဖြစ်လို့ လဲ ကျော်သက်”

“ရွှေဘဝင်က အချစ်ဆိုတာကို လုံးဝမခံစားတတ်တဲ့ မိန်းမတစ်ယောက်ပဲ ထက်သန်၊ သူအ ထင်မကြီးဆုံးနဲ့ မယုံကြည်ဆုံးဟာအချစ်ပဲ၊ ဒါကြောင့် သူ့ကိုချစ်လာတဲ့ သူတွေကို ကောင်းကောင်း ကြီးပညာပေးပြီး နောက်ဆုတ်သွားအောင်ကိုလုပ်တာ၊ သူ့ဒဏ်ကိုဘယ်သူကမှ မခံနိုင်ကြဘူး၊ သူ့ ကြောင့်ခံစားရပြီး ဒီသင်တန်းကနေထွက်သွားတဲ့ သူတွေရှိသလို သူ့ကြောင့်အရှက်ကွဲပြီးလာမတက် ရဲတဲ့ သူတွေလည်း ရှိတယ်၊ အဲဒီယောက်ျားတွေ ထဲမှာ မင်းပါသွားမှာ ငါလုံးဝမလိုလားဘူးထက်သန်၊ ဒါကြောင့် မင်းနောက်ဆုတ်ဖို့ ပဲ ကြိုးစားပါ”

"ငါနဲ့ကျမှ သူချစ်တတ်သွားရင်ရော ကျော်သက်"

"ဘာ"

"ငါနဲ့ ကျရင် အဲဒီလိုရက်စက်တတ်တဲ့ သူ့အမူအကျင့်တွေ အားလုံးပြောင်းပြန်ဖြစ်သွားရင် ရောလို့ ပြောတာ"

"အဟွန်း စိတ်ကူးသိပ်မယဉ်နဲ့ ထက်သန်၊ ရွှေဘဝင်လားပြောင်းလဲမှာ ၊ တော်စမ်းပါကွာ ငါအရူးမထိန်းချင်ပါဘူး၊ ဒါကြောင့်ရပ်တန်းကရပ်တော့ ထက်သန်"

"အဓိပ္ပာယ်မရှိလိုက်တာ ကျော်သက်ရာ ချစ်မိတာအပြစ်တစ်ခုမှ မဟုတ်တာ၊ငါကတော့ သွေးကြောင်လို့ ဘေးရှောင်တာမျိုးလုံးဝဝါသနာ မပါဘူး၊ငါသူ့ကိုသိပ်ချစ်တယ်၊သူ့ဆီက တုံ့ပြန်လာ မယ့်အချစ်ကိုလည်း မျှော်လင့်တယ်၊အချိန်တွေဘယ်လောက်ပဲ ကြာကြာ ဘယ်လိုပေးဆပ်မှု မျိုးနဲ့ ပဲ ပေးဆပ်ရပါစေ မရရအောင်ကိုကြိုးစားမှာ ပဲ၊ ငါ့အချစ်တွေကို သူတစ်နေ့နေ့တစ်ချိန်ချိန်ကျရင်အသိ အမှတ်ပြုကို ပြုလာစေရမယ်"

"ဟာ မင်း မင်း ရူးနေပြီထက်သန်၊ မင်းမာယာတောကိုမှ သိပ်လှတ ယ်ဆိုပြီး တိုးဝင်ချင်နေ ပြီ"

"အချစ်ဆိုတာ မာယာတစ်ခုပဲလေ ကျော်သက်၊ ဒါပေမဲ့ သိပ်လှပြီး ယစ်မူးသာယာချင် စရာကောင်းတဲ့ အဲဒီမာယာကို လူတိုင်းလိုလို နှစ်သ က်တတ်ကြတယ်၊ စိတ်ခံစားမှုအမျိုးမျိုးနဲ့ ပေါ့၊ ဘယ်သူကမှ ခါးသီးပြီး ရှန်းမထွက်တတ်ကြဘူးကျော်သက်"

"တော် တော်စမ်း ထက်သန်၊ မင်းကို ငါစနောက်နေတယ်လို့ မှတ်နေ တာကို သွေးပျက် ချောက်ချားအောင်အတည်လုပ်ပြမနေနဲ့ "

"ငါပြောတာအားလုံး အမှန်တရားတွေချည်းပဲကျော်သက်"

“မဖြစ်ဘူး၊ ရွှေဘဝင်ကို မင်းလုံးဝမချစ်ရဘူးထက်သန်”

“ချစ်မှာ ပဲ ကျော်သက်၊ ငါ့နှလုံးသားရဲ့ ခံစားချက်ကိုငါတောင် တားဆီးလို့ မရတာ မင်းလည်း မတားဆီးချင်ပါနဲ့ ကွာ”

ဟာ…။

ကျော်သက် မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရသည် ။

ခေါင်းလေးကို သွက်နေအောင် ခါယမ်းကာ ငြင်းဆန်နေသောအချစ်ဆုံးသူငယ်ချင်းဖြစ်သူ နိုင်ထက်သန်ကို ကြည့်ပြီး စိုးရိမ်ထိတ်လန့်စွာ စိုက်ကြည့်နေမိတော့၏။

“မင်းစဉ်းစားကြည့်စမ်း ကျော်သက်၊ ငါ့မှာ ဘာပြစ်ချက်တွေရှိနေသလဲ၊ ငါ့အခြေအနေ ငါ့အ ဆင့်အတန်း ဘာမှ ငြင်းပယ်စရာမရှိဘူး၊ အဓိက သူ့အပေါ်မှာ ချစ်မိသွားတဲ့ ငါ့အချစ်ပဲ၊ ဘာအ ရောင်မှ စွန်းထင်းမှုမရှိတဲ့ အသန့်စင်ဆုံးအချစ်တွေနဲ့ သူတစ်ယောက်တည်းကိုမှ ချစ်မိသွားတာ ကွ”

“မှန်တယ် ထက်သန်၊ မင်းပြောတာတွေအားလုံးအမှန်တရားတွေချည်းပဲ၊အဲဒါကြောင့် လည်း မင်းရဲ့ ဖြူစင်ရှင်းသန့်တဲ့ ချစ်ခြင်းတွေကို အရောင်တစ်စက်မှ ပိုပြီးမစွန်းထင်းစေချင်တာပေါ့၊ လူတိုင်း အတ္တရှိတယ်ဆိုတာ ငါနားလည်လက်ခံထားတယ်လေ၊ ကိုယ်ရည်ရွယ်မှန်းဆထားတဲ့ အရာဝတ္ထုတစ်ခုအပေါ်မှာ စိတ်ခံစားချက်တစ်မျိုးစီနဲ့ ရူးသွပ်တတ်ကြတာ ဓမ္မတာပဲ၊ ဒါပေမဲ့ မင်းရဲ့ ရူးသွပ်မှုကတော့ သူများတွေထက်ပိုလွန်းသွားလို့ ငါပြောနေတာ၊မင်းကို သတိပေးနေတာ ထက်သန်၊ ကိုယ်ရူးမယ့် ကျားကွက်ကိုအစားခံပြီး ရွှေ့မယ့်အစား အဒ္ဒိကစားဝိုင်းကနေထထွက် သွားနိုင်ဖို့ ပဲ မင်းကိုအကြံပေးချင်တယ်၊ ဒါငါ့ရဲ့ စေတနာပဲ ထက်သန်”

"မင်းရဲ့ စေတနာကို ငါနားလည်ပါတယ် ကျော်သက် ဒါပေမဲ့ ရွှေဘဝင်အနားကို ရောက် အောင်ကြိုးစားမယ့်အရေးကိုတော့ မင်းမတားဆီးချင်ပါနဲ့ ကွာ၊ အဲဒီတစ်ချက်ကိုတော့ မင်းခွင့် လွှတ်ပါ သူငယ်ချင်းရာ"

"ရွှေဘဝင်က သာမန်မိန်းကလေး မဟုတ်ဘူး ထက်သန်"

"ဘာလဲ အဆင့်အတန်းခွဲခြားတတ်တာလား"

" မဟုတ်ဘူး ထက်သန်၊ ရွှေဘဝင်က အဲဒီလိုတော့ စိတ်ဓာတ်မရိုင်းစိုင်းပါဘူး၊ ဆင်းရဲတဲ့ သူ တွေကိုလည်း တရင်းတနှီးဆက်ဆံပေါင်းသင်းတတ်တာပဲ၊ ခက်တာက ယောကျ်ားလေးတွေနဲ့ ကြ တော့တစ်မျိုးကို ဖြစ်နေတာလေ၊ ရက်ရက်စက်စက် အငြိုးတကြီးနဲ့ ကို တုံ့ပြန်တတ်တာ၊ ကြောက်စ ရာသိပ်ကောင်းတယ် ထက်သန်"

"အဲဒါ ဘာကြောင့်လဲဟင် ကျော်သက်၊ဘာကြောင့်ဖြစ်နိုင်သလဲ"

"မသိဘူးထက်သန် ငါသိတာက ယောကျ်ားတွေကိုအရောမဝင်တတ်ဘူးဆိုတာရယ်၊ သူ့ကို ချစ်တယ်လို့ ဖွင့်ပြောတဲ့ သူရယ်ကို သွေးအေးအေးနဲ့ ပညာပြန်ပေးဖို့ ဆိုတာရယ်ပဲ သိတယ်"

ဟူး။

ကျော်သက်ပြောတာလေးကို နားထောင်နေရင်း သက်ပြင်းမောလေးကို ကြိတ်ပြီး ခိုးရှိုက်မိသူ က နိုင်ထက်သန်ရယ်ပဲဖြစ်သည် ။ကြားလိုက်ရသော ချစ်ရသူလေး ရွှေဘဝင်သတင်းက သူ့အတွက် လက်လျှော့စရာပါ။

ခက်တာက...

သူ့စိတ်တွေပဲ။

ရွှေဘဝင်ကို ချစ်မိနေတဲ့ သူ့ချစ်စိတ်တွေက ဘယ်လိုမှ ထိန်းချုပ်

တားဆီးမရအောင် ကြိုးမား နေခဲ့သည် ။

"ထက်သန် မင်းကို အေးအေးဆေးဆေးနဲ့ သင်တန်းတက်တာကိုပဲ ငါမြင်ချင်တယ်ကွာ"

"ခက်တယ် ကျော်သက်ရယ်၊ငါသူ့ကို အရမ်းချစ်မိသွားပြီ၊ အဲဒါဘယ်လိုမှ တားဆီး ဖျောက် ဖျက်လို့ ရမှာ မဟုတ်ဘူး ၊ နောက်ဆုတ်ဖို့ ဆိုတာတော့ ပိုဝေးတာပေ့ါကွာ"

"ဟာကွာ ဒီကောင် မင်း မင်းတော့ ဒုက္ခကောင်းကောင်း ကြီး ရောက်တော့မှာ ပဲ"

"မပူပါနဲ့ ကျော်သက်ရာ၊ ငါ့ကိုမင်းဆက်ပြီး တားဆီးဖို့ လည်း မကြိုးစားချင်ပါနဲ့ တော့ကွာ၊ ငါဆုံးဖြတ်ချက်ချပြီးပြီ၊ ရွှေဘဝင်ဆီက အချစ်ကို မရရအောင် ကြိုးစားမယ်လို့ လေ၊ နိုင်ထက်သန် ဆိုတဲ့ ငါ့မှာ ဘယ်လိုအခက်အခဲတွေပဲရှိရှိ၊ ဘယ်လိုဒုက္ခမျိုးတွေနဲ့ ပဲ ရင်ဆိုင်ကြုံတွေ့နေနေ ငါစိတ် ပျက်လက်လျှော့လိုက်မှာ မဟုတ်ဘူး ၊ ဘာဖြစ်လို့ လဲဆိုတော့ သူ့အချစ်ကို ငါမရရတဲ့ အထိ ကြိုးစား တော့မှာ မိုလို့ ပဲ၊ ငါသူ့ကို သိပ်ချစ်တယ်"

"သွားပြီကွာ၊ ငါတော့ ဒီသန်တန်းကိုတက်ဖို့ မင်းကို လှမ်းခေါ်လိုက်မိတာ အရမ်းကိုမှား သွားပြီကွာ"

ကျော်သက်တစ်ယောက် စိတ်ပျက်လက်ပျက်နှင့် ခပ်တိုးတိုးကြိတ်ငြီးကာ ခေါင်းလေးကိုသာ အကြိမ်ကြိမ်အခါခါ ခါယမ်းနေမိတော့သည် ။

သွားပြီ။

နိုင်ထက်သန်ဆိုတဲ့ တစ်ဇွတ်ထိုးကောင်ကတော့ ဘယ်လိုဖြေဆေးနဲ့

မှ ကယ်လို့ မရတော့ချေ။

ခံရတော့မှာ ပဲ။

မအူမလည်နှင့် ရွှေဘဝင်အနားကပ်သွားလို့ ကတော့ ပက်ပက်စက်စက် ခံရတော့မည်။ ခက်နေတာက နိုင်ထက်သန်ပဲ။ စိတ်ဆုံးဖြတ်ချက်က ပြတ်သားလွန်းနေ၏။ ခေါင်းမာလိုက်တာလဲ မပြောပါနှင့်တော့။

မှားပြီ။

ဒီသင်တန်းကို တက်ဖို့ မြို့ကိုလှမ်းခေါ်မိတာ သိပ်ကိုမှားသွားချေပြီ။ ကျော်သက် စိတ်အညစ် ကြီးညစ်နေရတော့၏။

ကျော်သက်စိတ်ညစ်ကာ မှုန်ကုပ်သုန်မှုန်နေသလောက် မျက်နှာမှာ အပြုံးပန်းလေးတွေပွင့် လန်းကာ ရင်လေးတထိတ်ထိတ်ခုန်ပြီး ရွှေဘဝင်ဆိုတဲ့ မိန်းမချောလေးဆီ အကြည့်နက်နက်လေး တွေကို ပို့ထားမိ၏။

လှလိုက်တာ။

ဘယ်ဘဝဆုတောင်းကြောင့်များ ဒီလောက်တောင် ရက်ရက်စက်စက် လှနေရပါလိမ့်။ အ သားလေးကဝင်းစိုလို့ ။ ဘေးတစောင်းအနေအထားနှင့် မြင်တွေ့နေရသော သူမအသွင်လှလှလေးက နှစ်သက်မြတ်နိုးချင်စရာအတိ။

“ကျော်သက်”

“ဘာလဲ”

“အရှေ့ခုံတန်းကို ပြောင်းရအောင်ကွာ”

“ဘာ”

“သူ့နံဘေးက ခုံတန်းဆီပြောင်းရအောင်”

“အောင်မာ ဘာဖြစ်လို့ ပြောင်းရမှာ လဲ”

“ဒီကနေ သိပ်မမြင်ရဘူးကွ၊ လူတွေက အမြင်အာရုံကိုကွယ်နေတယ်၊အနီးကပ်လေးသွား ထိုင်ချင်တယ်ကွာ၊ဒါမှ သူ့မျက်နှာလှလှလေးကို အနီးကပ်ကြည့်ခွင့်ရမှာ ကွ”

“အေးအေး သွားကြည့်၊ဒါမှ ပါးနဲ့ နှာခေါင်းတပေါင်းတည်းဖြစ်အောင် ရိုက်လို့ မိသွားမှာ ”

“ဟာကွာ မင်းကလည်း ဖွ လွဲပါစေဖယ်ပါစေ”

“မလွဲဘူး ဟော့ကောင် ဒီလောက်တားဆီးနေတာကို ဇွတ်တိုးချင်နေမှတော့ မင်းစိတ်သာချ လွဲကိုမလွဲစေရဘူး”

“လာပါကွာ ခုံတန်းပြောင်းထိုင်ရအောင်”

“မထိုင်ဘူး”

“လာပါကွ”

“လုံးဝမထိုင်ဘူး ထက်သန်၊ ရွှေဘဝင်အကြောင်းကို ဒီသင်တန်းတစ်ခုလုံး သိထားပြီးသား ပဲ၊ ငါကတော့ ကျောချမ်းတယ်၊ ဟော့ကောင် သူကမျက်နှာတည်တည်၊ သွေးအေးအေးနဲ့ ကိုပညာ ပေးတတ်တာ၊ ခပ်ဝေးဝေးပဲနေပါရစေကွာ၊ သိပ်လှတဲ့ ပန်း တစ်ပွင့်မှန်း သိပေမယ့် ခူးဖို့ ကြိုးစား ရင် ရရှိလာမယ့် အဆိပ်ဆူးသင့်တာကိုတော့ မခံနိုင်ဘူး၊ အဝေးကနေ အလှပဲ ထိုင်ကြည့်တော့မယ်ကွ”

“ဒီမှာ ကျော်သက်”

“ပြော”

“သိပ်လှတဲ့ ပန်းတစ်ပွင့်မှာ သူ့အလှကို ကာကွယ်ဖို့ မာယာဆူးတွေ

အပြည့်ရှိနေတတ်တာ ထုံးစံပဲကွာ၊ ဆူးပြည့်နေတဲ့ အဲဒီပန်းရဲ့ တန်းဖိုးက ပိုးပြီးမြင့်လေပဲ၊ ခူးရတာ ခက်ခဲတာကိုး၊ အေး မင်းက ဆူးဒဏ်ကို မခံနိုင်ဘူး ဆိုရင်တော့ ခေါင်ရမ်းပန်းကိုပဲ မင်းခူးတော့ကျော်သက်၊ ငါကတော့ ဆူးဒဏ်ရာတွေ ဘယ်လောက်ပဲ ရရ ဘယ်သူမှ ခူးလို့ မရတဲ့ ပန်းကိုရအောင်ကိုခူးမှာ ၊ မင်းစောင့် ကြည့်နေလိုက် ကျော်သက်”

နိုင်ထက်သန်တစ်ယောက်…

ပြတ်သားသောစကားလေးကို ပြောလိုက်ကာ ကျောပိုးအိတ်လေးကို ကောက်လွယ်ပြီး ထိုင်နေသော စာသင်ခုံတန်းရှည်လေးမှ ထွက်ကာ ရှေ့ဘဝင်ထိုင်နေသော ခုံတန်းရှည်လေး၏ နံဘေး ခုံတန်းဆီသို့ တစ်လှမ်းချင်းလှမ်းကာ ပြောင်းထိုင်ဖို့ ကြိုးစားလိုက်တော့သည် ။

*

# အခန်း (၂)

ရွှေဘဝင်ကို....

အနီးကပ်မြင်တွေ့နေရတော့မှ ပင် နိုင်ထက်သန်ရဲ့ ရင်ခုန်သံတွေ ပို၍ ပင်တထိတ်ထိတ် မြန် ဆန်နေရသည် ။ ကြည်စင်ကာဝင်းပနေသော မျက်နှာလေးတွင် ခပ်ပြေးပြေးလိမ်းခြယ်ထားသောမိတ် ကပ်ရောင်လေးကြောင့် ကြွေရောင်လေးတောက်ကာ ပြောင်တင်းတင်းလေးရှိနေခဲ့၏။

သွယ်တန်းတန်း မျက်ခုံးကွေးလေးအောက်က ပြာလဲ့လဲ့မျက်ဝန်းလေးက အရည်တစ်မျိုးလဲ့ ကာ တောက်ပနေခဲ့သည် ။ပန်းနုရောင် စိုရွှဲရွှဲနှုတ်ခမ်းဆိုးဆေးလေးနှင့် အလှကြီးလှနေသောနှုတ်ခမ်း အိအိလုံးလုံးလေးက တင်းတင်းစေ့ကာ အေးစက်တည်ငြိမ်နေသောအသွင်ကို ပို၍ ပင် ပီပြင်နေစေခဲ့ သည် ။

ရွှေဘဝင်တဲ့ ။

နာမည်လေးနဲ့ လိုက်ဖက်အောင် ဘယ်လောက်ထိဘဝင်တွေမြင့်နေလိုက်မလဲ။ သူမဝတ်ဆင် ထားသော လက်ဝတ်လက်စားများ နှင့် ပြင်ဆင်ခြယ်သမှုအားလုံးကို ကြည့်လိုက်တာနှင့် သူမလေး ဘဝရဲ့ ပြီးပြည့်စုံမှုကို ခန့်မှန်းလို့ ရနေသည် ။

ဒါကြောင့်လည်း

ဘာကိုမှ အရေးမစိုက်၊ ထီမထင်မျက်နှာထားလေးနှင့်အရာရာတွင် မာန်မာနတွေ တက်နေ လိုက်မည့် သူမလေးရဲ့ အခြေအနေလေးကို ရိပ်မိလိုက်ချေပြီ။

ရွှေဘဝင်ရယ်။

ချစ်တယ်ကွာ။

မင်းလေးကို သိပ်ချစ်တယ်။

မွှေးရနံ့လေးများ ထုံအီကာ တင့်တယ်စွာ ပွင့်လန်းနေသော ပန်းလေးတစ်ပွင့်လိုပင် မြင်ရသူ အပေါင်း မျက်ဝန်းအကြည့်လေးများ မလွှဲချင်လောက်အောင်ပင် ဖမ်းစားနိုင်လွန်းသော သူမလေးကို ကြည့်ကာ နိုင်ထက်သန်တစ်ယောက် ပို၍ ပင် ချစ်မြတ်နိုးနေမိတော့သည် ။

ထူးတော့ထူးဆန်းနေ၏ .

သင်တန်းထဲက ယောကျ်ားလေးအားလုံးရဲ့ အကြည့်တွေကလှပသော ရွှေဘဝင်ဆီ ပေါ်ပေါ် တင်တင် ရောက်မနေဘဲမသိမသာ အကြည့်ခိုးလေးတွေနှင့်သာ သူမကိုကြည့်နေကြသည် ။ သူ တစ်ယောက်သာ စူးစူးနင့်နင့်လေး စိုက်ကြည့်နေမိ၏။

ရွှေဘဝင်ကို ဘာကြောင့်လန့်နေကြတာလဲ။

ကျော်သက်ပြောသလို သူမကြောင့် သင်တန်းသားသုံးယောက်ကျောင်းကနေ ထွက်သွားရဖူး သတဲ့ ။

ဘာကြောင့်လဲ။

သူမ ဘယ်လိုမိန်းကလေးမျိုးလဲ။ ဘယ်လိုပညာတွေပေးလိုက်လို့ အခုလို သူမအနားမကပ်ရဲ အောင် ဖြစ်ရတဲ့ အထိ အဖြစ်အပျက်တွေက

ဆိုးဝါးခဲ့ရတာပဲ။ ဘေးဘီဝဲယာကို သတိထားကြည့်မိ သည် ။

သူ

သိချင်စိတ်တွေ ပို၍ ပင် ပြင်းထန်းလာရ၏။

ကျော်သက်ကိုမေးဖို့ သူစိတ်ကူးထားမိသည် ။ ကျော်သက်ကတော့ ပြောမှာ ပဲ ဒီကောင်က သူ့ကို စိတ်ပျက်ပြီး ရွှေဘဝင်အပေါ်စိတ်ဝင်စားမှု တွေလျော့နည်းစေချင်တာလေ။ ဒီတော့သူ မမေး လျှင်တောင် ပြောပြမယ့်ကောင်ပဲ။

ဘာပဲပြောပြော ...

ရွှေဘဝင်ဆိုတဲ့ သူမလေးကို ချစ်နေမိပြီလေ။

ဒီတော့ဘာတွေဆက်ပြီး စဥ်းစားစရာလိုမှာ တဲ့ လဲ။ တွေဝေမှုတွေနဲ့ ရင်ထဲက ခံစားချက်ကို မဖုံးကွယ်ချင်ပါဘူး။ နောက်ဆုတ်အားလျှော့တတ်တဲ့ အကျင့် နိုင်ထက်သန်ဆီမှာ လုံးဝမရှိချေ။ ရှေ့ ဆက်တိုးမှာ ပဲ။ ဘယ်သူတွေ ဘယ်လိုပဲတားတား သူဆုံးဖြတ်ချက်အတိုင်းပဲ မဖြစ်ဖြစ်အောင် ကြိုးစားမည်။

ရွှေဘဝင်ရယ်။

ရင်မောတယ်ကွာ။

မင်းလေးကိုမှ ချစ်မိသွားတဲ့ ကိုယ့်အဖြစ်က မင်းအတွက်ရယ်စရာတစ်ခုလိုဖြစ်မှာ သေချာ ပေမယ့် ကိုယ့်အတွက်တော့ အနာဂတ်တစ်ခုကို ရွေးချယ်လိုက်ရသလိုပဲ ခံစားနေရတယ် ရွှေဘဝင်ရယ်။

"ရွှေ"

"ပြောလေ ဆု"

သူငယ်ချင်းဖြစ်သူ ဆုမွန်ရဲ့ ခေါ်သံကြောင့် ရွှေဘဝင်စာလေးကို တစိုက်မတ်မတ်ကျက်မှတ် နေရာမှ စောင်းငဲ့ကြည့်လိုက်မိသည် ။

"ရွှေ့ကို လူတစ်ယောက်စိုက်ကြည့်နေတယ်"

"အဟွန်း"

ရွှေဘဝင်တစ်ယောက် နှုတ်ခမ်းလှလှလေးတွေ တွန့်ကွေးသွားသည့်အထိ မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်ကာ မျက်နှာကို စာအုပ်ဆီသို့အကြည့်ပြန်ရွှေ့လိုက်သည် ။

"တကယ်ပြောတာ ရွှေရဲ့ "

ယုံပါသည် ။

ဆုမွန် တကယ်ပြောတယ်ဆိုတာကို သူမယုံကြည်ပါသည် ။ သို့သော်ထိုဖြစ်ရပ်သည် သူမအတွက်တော့ သိပ်ပြီးထူးခြားမှုမရှိပါ။ သူမကို မြင်လိုက်တာနဲ့ မျက်လုံးကြီးတွေ ကျွတ်ထွက် မတတ် ဝိုင်းငမ်းကြတာ ယောက်ျားလေးတိုင်းလိုလိုပင်ဖြစ်နေတာမို့ ဒါကိုလိုက်ပြီး စိတ်ထဲမှာ ထားနေလျှင် သူမနေစရာရှိမှာ ပင်မဟုတ်တော့။

"ရွှေ"

"..."

"အသေအလဲကို စိုက်ကြည့်နေတာနော် ရွှေ၊ မျက်တောင်တောင် တစ်ချက်မခပ်ဘူး"

"ထားလိုက်စမ်းပါ ဆုရယ်၊ အာရုံထဲ သိပ်ထည့်မနေစမ်းပါနဲ့ "

"ရွှေ"

"ဟင်"

"ဒီတစ်ခါတော့ အာရုံထဲ သိပ်ထည့်မနေလို့ မရတော့ဘူးဟ၊ နည်းန ည်းထူးခြား နေတယ်"

"ဘာကိုလဲ ဆို"

ရွှေဘဝင်တစ်ယောက်သူငယ်ချင်းဖြစ်သူ ဆုမွန်ရဲ့ စကားလေးကြော င့် လှပသော မျက်ခုံလေး တွေ တွန့်ကာခပ်စူးစူးလေးပြန်ကြည့်လိုက်မိ သည် ။

"သူ လူသစ်တစ်ယောက်ပဲဖြစ်မယ် ရွှေ၊ သူ့ကို ဒီသင်တန်းမှာ တစ်ခါ မှ မတွေ့ဖူးသေးဘူး၊ ဒါကြောင့် သူဒီလောက်ထိ ပြုံးတုံးပြုံတဲ့ရွှေ့ကိုင်မ်း နေတာ၊ သူကရွှေ့အကြောင်းကိုမသိသေးဘူးလေ၊ အဟင်း သနားတော့ သနားစရာပဲ၊ ရွှေဘဝင်အကြောင်း မသိသေးဘူးလေ၊ ဒီတော့ မျက်နှာ လှလှ လေးကို ငေးကြည့်ပြီး စိတ်ကူးလေးကြိတ်ပြီး ယဉ်နေတော့မှာ ပေ့ါ ရွှေရယ်"

ဆုမွန်စကားကို နားထောင်ပြီး ရွှေဘဝင်နှုတ်ခမ်းလေးကျေနပ်နှစ် သက်စွာပြုံးသွားရ၏။ ဆုမွန်ပြောတာအမှန်တွေပဲလေ။

"သူ့ရဲ့ စိတ်ကူးယဉ်အိပ်မက်တွေ ဘယ်တော့မှ လက်တွေ့အဖြစ် အ ကောင်အထည်ပေါ်လာမှာ မဟုတ်ဘူး ဆိုတာ သိရင်ဒီလူတော့ ဘယ်လို ဖြစ်သွားမလဲမသိဘူးနော်၊ ဒါပေမဲ့ ဆု စိတ်ထဲမှာ တော့ တမျိုးကြီးပဲ၊ ထူးထူးခြားခြား ခံစားမှုတွေ ဖြစ်နေရတယ်"

"တော်ပါတော့ ဆုရယ်၊ အဓိပ္ပာယ်မရှိတဲ့ ဟာနဲ့ အာရုံမစားချင်စမ်းပါနဲ့ ၊ စာပဲကျက်တော့၊ အချိန်တန်ရင် သူ့ဘာသာအရှိ န်သတ်သွားလိမ့်မယ်"

"ဆုတော့ သိပ်မထင်ဘူးရွှေ၊ သူ့အကြည့်တွေက တခြားယောက်ျား

တွေလို မဟုတ်ဘူး တအားကို စူးရှလွန်းတယ်ရွှေ၊ အဲဒီလိုလေးနက်တဲ့ မျက်ဝန်းအကြည့်မျိုးရှိတဲ့ သူတွေက ဆုံးဖြတ် ချက်ကို ခိုင်မာတတ်သလို သူတို့လိုချင်တဲ့ အရာမျိုးရှိရင်လည်း ဘယ်နည်းနဲ့ မဆို အလျှော့မပေး တတ်ဘဲ ဇွဲကြီးကြီးနဲ့ ရယူတတ်ကြတယ်ရွှေ"

"ဆု"

"ဟင်"

"ဒီနေ့ ရှင်သိပ်ထူးဆန်းနေပါလား၊ ရှင်ဘာဖြစ်နေတာလဲဟင် ဆု၊ အ ရေးမပါတဲ့ ကိစ္စ တစ်ခုကိုရှင်ဘာကြောင့် ဦးနှောက်အစားခံနေရတာလဲ၊ ရွှေ စဉ်းစားလို့ တောင်မရတော့ဘူး ဆု"

"ဟင်း ဟင်း ဒါကသိပ်ကိုထူးခြားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ညို့ ရီနေတဲ့ မျက်ဝန်းတစ်စုံကို ဆုမြင်နေရတာကိုး"

"ဘာရယ် ဆု"

"တကယ်ပြောတာ ရွှေရဲ့ ၊ အဲဒီယောကျ်ားရဲ့ မျက်လုံးတွေကတအား ကို ထူးခြားလွန်းနေတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ မျက်လုံးတွေ အဲဒီ လောက်ညို့ငင်နေမှုမျိုး ဆုမွန် တစ်ခါမှ မမြင်ဖူးခဲ့မိဘူး ရွှေ၊ သိပ်ကိုထူးခြားတဲ့ မျက်ဝန်းတွေပဲ"

"ဆုမွန်"

ရွှေဘဝင့်အသံလေး အနည်းငယ် မာဆတ်ကာ ကျယ်လောင်သွားရ သည် ။

မယုံကြည်နိုင်လောက်စွာပင် ဆုမွန်ရဲ့ မျက်နှာလေးဆီ ခပ်စူးစူးလေး တအံ့တဩ စိုက်ကြည့် နေမိသည် ။ သူမကသာ ဆုမွန်ကိုကြည့်နေမိတာ ဆုမွန်ရဲ့ မျက်ဝန်းအကြည့်လေးတွေကတော့ ရွှေဘဝင်ဆီမှာ ရှိမနေချေ။

သူမကိုလွန်၍ တစ်ဖက်ခုံတွင် ထိုင်နေသော သူမအား တစိုက်မတ်မတ် ကြည့်နေသည် ဆိုသော လူဆီသို့သာရောက်နေသည် ။

ဆုမွန်ရဲ့ နှုတ်ဖျားက ထိုယောက်ျားနှင့်ပတ်သက်ပြီးစိတ်လိုလက်ရပ င် တဖွဖွချီးမွမ်းနေ၏။ ရွှေဘဝင် နားမခံနိုင်စွာပင် သူမ ထိုလူ့ကို လှည့် စောင်းကြည့်ဖို့ အလုပ် သူမလက်လေးကို ဖျတ်ခနဲ လှမ်းဆုပ်ကိုင် သတိ ပေးလိုက်သော ဆုမွန်ကြောင့် ရွှေဘဝင့်မျက်ခုံးလေးတွေ တွန့်ခနဲ ကြု တ်တက် သွားရ၏။

“ရွှေ သူ့ကိုလှည့်မကြည့်ပါနဲ့ နော်၊ မင်းကို သူအသေအချာစိုက်ကြည့် နေတယ်သိလား၊ အဲဒီ မျက်ဝန်းတွေထဲမှာ မရိုးသားမှုတွေအများကြီး ပျော်ဝင်နေတယ်၊ ဒါပေမဲ့ ဆုမွန် သိပ်ပြီးစိုးရိမ်နေမိတယ် ရွှေ၊ မင်းအဲဒီမျက်ဝန်းအကြည့်တွေအောက်မှာ ရှုံးနိမ့်သွားမှာ ကို ဆုမွန် မမြ င်ချင်ဘူး”

“ဘာ”

“ဟုတ်တယ် ရွှေဘဝင် ဆုမွန်စိတ်ထဲမှာ အလိုလိုခံစားနေရတယ်၊ရွှေ ဘဝင် ရှုံးနိမ့်တော့မယ် လို့ လေ၊ အဲဒီလူက ရုပ်လည်း တော်တော်ဖြောင့် တယ် ရွှေဘဝင်”

“ဆုမွန် ရှင် ရှင်”

“ဟုတ်တယ် ရွှေ၊ ကိုယ်ထင်ရင် လွဲခဲတယ်ဆိုတာ ရှင်သိတယ်မဟု တ်လား၊ဒါကြောင့် ဆု သိပ်ပြီးစိုးရိမ်နေမိတယ် ရွှေ”

“တော်စမ်း ဆု ရှင့်ပါးစပ်ပိတ်ထား၊ ရွှေကို ရှင် ဘာကြောင့် အခုလိုစ ကားတွေပြောနေရတာ လဲ ဆု၊ ရွှေဘဝင်ဆိုတဲ့ မိန်းမ ဘယ်လိုစိတ်ဓာ တ်မျိုးရှိတယ်ဆိုတာ ရှင်အသိဆုံးပဲဟာ”

"သိပါတယ် ရွှေ၊ ဆု သိပါတယ်၊ ဒါပေမဲ့ အရင်ချိန်တုန်းကတော့ ဟုတ်ချင်ဟုတ် လိမ့်မယ်ရွှေ၊ ဒါပေမဲ့ အခုအချိန်မှာ တော့"

"ဆု"

သူမရဲ့ တားဆီးသံကြောင့် ဆုမွန်ရဲ့ အထိတ်တလန့်မျက်ဝန်းလေးတွေ သူမဆီ ဆတ်ခနဲ ရွှေ့ လာ၏။

"ရွှေ့ကို ဆုက အမြဲတမ်းနိုင်စေချင်တယ်ဆိုတာ ရွှေသိပါတယ်နော်၊ ရွှေ ရင်ထဲကခံစားချက်၊ ရွှေ ဖြတ်သန်းလာရတဲ့ အရိပ်မည်းတွေရဲ့ ဖုံးလွှမ်းမှုကြောင့် ရွှေ့ကို ပိုပြီးတော့တောင်စာနာခဲ့တာပါ၊ ဒါပေမဲ့ ဒီတစ်ခါတော့ ဆုအရမ်းကို စိုးရိမ်နေမိတယ်ရွှေ၊ ရွှေ မကျော်လွှားနိုင်မှာ ကို ဆု အရမ်းစိတ် ပူနေမိတယ်၊ ဒါကြောင့် ရွှေဘက်က ပြင်ဆင်နိုင်အောင် ဆု သတိပေးနေတာပါရွှေ၊ ယောကျ်ားတွေရဲ့ လှပတဲ့ မာယာအောက်မှာ ရွှေ မပြိုလဲစေချင်လို့ ပါ"

"အဓိပ္ပာယ်မရှိလိုက်တာ ဆုရယ်၊ ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ မျက်ဝန်းတွေနဲ့ များ ရွှေရဲ့ မာနတွေကို ရှင်မို့လို့ အထင်သေးရက်တယ်နော်၊ ရှင်စောင့်ကြည့်နေလိုက်စမ်းပါ ရွှေ ဘယ်တော့မှ မယိုင်နဲ့ စေရဘူး၊ ရွှေသိပ်မုန်းတယ် ဆု၊ မာမီရဲ့ အိမ်ထောင်ရေးကိုကြည့်ပြီး ရွှေ သိပ်နာကျင်တယ်၊ သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့ ဒက်ဒီရဲ့ လုပ်ရပ်တွေကိုကြည့်ပြီး မာမီဘယ် လောက်တောင် ဝမ်းနည်းခဲ့ရတယ်၊ သိပ်ချစ်လို့ အရှုံးပေးရတဲ့ မာမီ့ကိုကြည့်ပြီး ရွှေ ဘယ်ယောကျ်ားကိုမှ အနိုင်မပေးနိုင်ဘူး၊ အချစ်တစ်ခုအောက်မှာ ရွှေ ဘယ်တော့မှ မရှုံးနိမ့်စေရဘူး ဆု"

ရွှေရယ်။

ဆု ရွှေ့ရင်ထဲ နာကြည်းနေမှုတွေကို နားလည်ခံစားလို့ ရနေပါတယ်

ကွယ်။

ဒါကြောင့်လည်း ရွှေ့ကို အမြဲတမ်း အနိုင်ရစေချင်တာပေါ့။

ယောက်ျားတွေကို နာကြည်းမုန်းတီးနေတဲ့ ရွှေအကြောင်းကို သိလို့ ဆုက ကိုယ့်သူငယ်ချင်း စိတ်ချမ်းချမ်းသာသာလေးနဲ့ အမြဲပြုံးပန်းဆင်နိုင်တာလေးကိုပဲ ကြည့်နေချင်တာပေါ့ ရွှေရယ်။

ဒါပေမဲ့လေ...

အခုတစ်ခါမှာ တော့ ဆုအရမ်းကို စိုးရိမ်ပူပန်နေမိတယ် ရွှေ။ အဲဒီ ယောက်ျားရဲ့ ညှို့ငင်နေတဲ့ မျက်ဝန်းအကြည့်တွေထဲမှာ ဘာရယ်လို့ တပ်အပ်ပြောလို့ မရတဲ့ အရိပ်အစွန်းတွေက ထင်ထင်ရှားရှား ကိုရှိနေတာ။

ဒါကြောင့်...

ရွှေအတွက် ဆုအရမ်းကိုစိတ်ပူတယ်ကွယ်။

"ဆုက ကြိုတင်သတိထားပြီး ပြင်ဆင်နိုင်အောင်လို့ ပါ ရွှေရယ်၊ ဆုရဲ့ စေတနာမေတ္တာကို ရွှေ နားလည်ပါနော်"

"ကျေးဇူးတင်ပါတယ် ဆု၊ အခုလို စေတနာထားတာကို ရွှေနားလည်ပါတယ်၊ ဒါပေမဲ့ ရွှေ့ကို ဆုသိပ်ပြီး အထင်သေးလွန်းတယ်ဆု၊ ရွှေက ဆုထင်သလောက် မပျော့ညံ့ဘူးဆိုတာ ဆုသိ ထားစမ်းပါ"

"မပျော့ညံ့ဘူးဆိုတာ ရှင်တကယ် ရင်မဆိုင်ရသေးလို့ ပြောနိုင်တာပါ ရွှေ၊ ယောက်ျားပီသပြီး သူ့ရဲ့ စွဲဆောင်မှုရှိတဲ့ မျက်နှာကို ရှင်သေသေချာချာမှ မမြင်ရသေးတာ၊ ရှင်မြင်ရင် အဲဒီလိုကြွေးကြော် နိုင်မှာ မဟုတ်ဘူး ရွှေ၊ သူ့ကို ရှင်သိပ်ပြီ မလျှော့တွက်သင့်ဘူး"

"တော်စမ်းပါ ဆုရယ်၊ အဓိပ္ပာယ်မရှိ အရူးထတဲ့ စကားလုံးတွေနဲ့ ကို

ယ့်စိတ်ရှုပ်ထွေးရ အောင် မဖန်တီးစမ်းပါနဲ့ ၊ ရှင်ရဲ့ စကားသံတွေကို သူ သာ ကြားသွားရင် အရသာခံပြီး လှောင်ပြောင်နေတော့ မှာ ပဲ၊ အထင်အ မြင်သေးတဲ့ မျက်လုံးတွေနဲ့ တစိမ့်စိမ့်အနိုင်ပိုင်းပြီး ကြည့်နေတော့မှာ အ သေအချာပဲ ဆု၊ ရှင်တွေးကြည့်စမ်းဒါဟာ မိန်းမတစ်ယောက်ရဲ့ မာနနဲ့ ဂုဏ်သိက္ခာကို ဘယ်လောက်ထိခိုက်နိုင် သလဲဆိုတာကိုပေါ့၊ စိတ်ချနေစ မ်းပါ ဆုရယ်၊ ဘယ်လိုယောကျ်ားမျိုးမှ ကိုယ့်ဆီကအချစ်ကို မရစေ ရ ဘူး၊ ကိုယ်မလိုလားဆုံးက ဟန်ဆောင်လိမ်ညာမှုတွေနဲ့ ပေးအပ်လာမ ယ့်အချစ်တွေပဲ၊ ကိုယ်ဘယ် ယောကျ်ားကိုမှ မယုံဘူး ဆု”

ရွှေဘဝင် အသံလေးက မာဆတ်ပြတ်သားလွန်နေ၏။ ရင်မှာ တဆ စ်ဆစ်နာကျင်မှုကြောင့် အသက်ရှူသံလေးတွေပင်ပြင်းရှနေသည် ။ ပြာ လဲ့လဲ့မျက်ဝန်းလေးတွေက မခံချင်စိတ်ကြောင့် အရောင်ပြောင်းကာ စိမ်းသက်နေသည် ။

“ရှင် ရွှေ့ကိုသိပ်ပြီးလျှော့တွက်တာပဲ ဆု၊ ဆုရဲ့ သတိပေးတွေက သိ ပ်ကို ပြင်းထန်းနက်ရှိုင်း လွန်းတယ်၊ ရွှေစိတ်ထဲမှာ ဒေါသနဲ့ မာနသွေး တွေ ပွက်ပွက်ဆူနေရပြီ ဆု။ ပြိုင်ပွဲတစ်ခုထဲ တွန်းပို့ ခံလိုက်ရသလိုပဲ ခံ စားနေရတယ်”

“ရွှေ ဆု ဆုမှားသွားတယ်၊ ဆုကိုခွင့်လွှတ်ပါ ရွှေ၊ စိုလက်တောက်ပ နေတဲ့ ညို့မျက်ဝန်း တစ်စုံကို မြင်တွေ့လိုက်ရတဲ့ တဒင်္ဂမှာ ဆု ရင်တွေ တထိတ်ထိတ် အခုန်မြန်သွားရတယ် ရွှေ၊ အဲဒီ မျက်ဝန်းတွေထဲမှာ ချစ်ခြင်းမေတ္တာတွေနဲ့ အတူ အရောင်တစ်ခုက စီးမျောနေတာလေ၊ အဲဒါ ကို မြင် လိုက်တဲ့ ခဏမှာ ပဲ ကိုယ်စိတ်တွေအရမ်းကို တုန်လှုပ်ချောက်ချားသွားရတယ်ရွှေ၊ ဆုကိုရှင်အထင်မ လွဲလိုက်ပါနဲ့ ရွှေ ၊ ဆုပြောသမျှအရာတွေအားလုံးဟာ ရွှေအတွက်ပါ”

"ဘာပဲဖြစ်ဖြစ် ကိုယ့်စိတ်ထဲမှာ တွန်းအားတစ်ခုဖြစ်နေရပြီဆု၊ အဲဒီလူကို ဆုက သတိထား ခိုင်းလေ ရွှေက ပိုပြီးထိပ်တိုက်တွေ့ဆုံချင်လေပဲဆု၊ ဒီနေ့ကစပြီး ရှင်စောင့်ကြည့်နေလိုက် ရွှေဟာ ဘယ်လိုယောကျ်ားမျိုး ရှေ့မှာ မှ မယိုင်နဲ့ ပါလားဆိုတဲ့ အချက်ကို ဆု မျက်ဝါးထင်ထင်နဲ့ မြင်တွေ့စေ ရမယ်"

ရွှေဘဝင်ရယ်။

ရှင်ထင်သလောက် အရာရာဟာ လွယ်ကူနေလိမ့်မယ်တဲ့ လား။ ဆုစိတ်ထဲ အလိုလိုခံစားလို့ ရ နေတယ် ရွှေ။ မင်းသူ့ကို အရှုံးကြီးရှုံးပေးရလိမ့်မယ်၊ တခြားယောကျ်ားတွေအပေါ် အနိုင်ပိုင်းခဲ့သမျှ ရှင် ရှုံးနိမ့်ရတော့မယ် ရွှေဘဝင်။

အဲဒါကို...

ဆု ကြိုတင်ခံစားလို့ ရနေတယ်ကွယ်။

*